# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 20 , 2023 Volume 67, Number 14

၂၀.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၄.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၄.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၁.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၅.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၆၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၈၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၃.၁၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၂.၅၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၄၄၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ–တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ–တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၀ ရက်မှ ၁၆ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၁၇၈၁၅၅၉.၆၅၀ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေ ပမာဏ တန်ဖိုးမှာ ၉၇၂၁၉၀.၄၇၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ ALUMINIUM INGOT ၊ မြေထောက်ပဲ၊ ထောပတ်ပဲနှင့် ဆန်များ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ် ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၄၆၃၂၃၉.၆၅ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့တင်ပို့ကုန်၏ငွေပမာဏတန်ဖိုးမှာ ၁၃၁၈၃၂၀.၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ချည်ထည်များ၊ လယ်ထွန်စက်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ ဘတ္တရီအခြောက်များ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ စက်နှင့်စက်ပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ သံနှင့်သံမဏိပစ္စည်းများ၊ သံပိုက်နှင့်မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၈၂၆၃၃.၃၅ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၅၈၉၅၅၇.၁၂ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၄၂ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၂.၃၉ ကျပ်ရှိကြောင်း သိရှိရပါသည်။

Source: မနော်မြေကုန်သွယ်မှုဗဟိုဌာန

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မူဆယ်-ကျင်စန်းကျော့ နယ်စပ်ဂိတ်မှ နေ့စဉ် ကုန်တင်ယာဉ်အစီးရေ ၂၀၀ ခန့် ကုန်သွယ်နေ

မြန်မာ – တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုတွင် မူဆယ် – ကျင်စန်းကျော့ နယ်စပ်ဂိတ်မှ နေ့စဉ် ကုန်တင်ယာဉ်အစီးရေ ၂၀၀ ဝန်းကျင်ဖြင့် အပြန်အလှန်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း မူဆယ်နယ်စပ်ကုန်သည်များ၏ ပြောကြားချက်အရ သိရသည်။

လက်ရှိတွင် မြန်မာ – တရုတ်နယ်စပ်မှ ဆန်နှင့် ဆန်ကွဲ တင်ပို့နိုင်ခြင်းမရှိသော်လည်း အခြားကုန်စည်များကို တင်ပို့လျက်ရှိပြီး တစ်ရက်လျှင် ကုန်တင်ယာဉ်အစီးရေ ၂၀၀ ခန့် ကုန်သွယ်မှု ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရုတ်နဲ့ မြန်မာကုန်သွယ်ရေးက ပုံမှန် သွားနေပါတယ်။ လတ်တလောကတော့ ဆန်နဲ့ဆန်ကွဲက တင်ပို့နိုင်တာမရှိသေးဘူး။ အခြားကုန်ပစ္စည်းတွေကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ ရော်ဘာ၊ ရေထွက်ကုန်ပစ္စည်း၊ စားကုန် သောက်ကုန်ပစ္စည်း၊ သစ်သီးအနေနဲ့ ဖရဲသီး၊ ကြံတွေ တင်ပို့ပါတယ်။ ဒီအချိန်က သရက်သီးပေါ်တော့ သရက်သီးတင်ပို့ပါတယ်။ မြန်မာကနေ တရုတ်ကို ကုန်ကားအစီးရေ ၁၅၀ လောက် ပုံမှန်သွားတယ်။ တရုတ်ကနေ မြန်မာကို ကုန်ပစ္စည်းမျိုးစုံတင်သွင်းတဲ့ ကားအစီးရေ ၅၀ လောက်ဝင်ပါတယ်။ တစ်ရက်ကို ကုန်ကား အစီးရေ ၂၀၀ လောက် အဝင်၊ အထွက်ရှိပါတယ် ဟု မူဆယ်ဆန်စပါး ကုန်စည်ဒိုင်မှ ဒုတိယဥက္ကဋ္ဌ ဦးမင်းသိမ်းကပြောသည်။

တရုတ်နိုင်ငံဘက်သို့ မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲ၊ ရော်ဘာ၊ ပဲတီစိမ်း၊ စားကုန်သောက်ကုန်များ တင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံသို့ ဆောက်လုပ်ရေးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စက်မှုပစ္စည်း၊ ဓာတ်မြေသြဇာများ ပြန်လည်တင်သွင်းလျက်ရှိကြောင်း သိရသည်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးတွင် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်း၊ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကျိုင်းတုံနယ်စပ် ကုန်သွယ်ရေးစခန်း၊ ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်း စသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် ယွမ်၊ ကျပ် တိုက်ရိုက်အသုံးပြုခွင့်ပြုထားသည်။

**Source: Popular News Journal**

## နှစ်စဉ် အစီရင်ခံစာတင်ပြရန် ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ (၁၅၀) ခုအား မှတ်ပုံတင်စာရင်းမှပယ်ဖျက် နှစ်စဉ်အစီရင်ခံစာတင်ပြခြင်းကို အထူးဂရုပြုဆောင်ရွက်ကြရန်တိုက်တွန်း

နှစ်စဉ် အစီရင်ခံစာ တင်ပြရန်ပျက်ကွက်ခဲ့သော ပြည်တွင်းရှိ ကုမ္ပဏီ (၁၅၀) ခုအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်လိုက်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ (၉၇) အရ နှစ်စဉ်အစီရင်ခံစာ (Annual Return) တင်ပြရန် ပျက်ကွက်ခဲ့သော ကုမ္ပဏီ (၁၅၀) ခုအား မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၄၃၀(စ) အရ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း (Struck Off) အဖြစ် ဇွန်လ (၆) ရက်မှစ၍ ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်လိုက်ကြောင်း အသိပေးကြေညာထားခြင်းဖြစ်သည်။

မှတ်ပုံတင်ရရှိပြီးသည့် ကုမ္ပဏီများအနေဖြင့် နှစ်စဉ်အစီရင်ခံစာ နောက်ဆုံးတင်ပြရမည့်ရက်ကို ကုမ္ပဏီ Profile တွင် ဖော်ပြထားသဖြင့် အဆိုပါရက်မတိုင်ခင် မှတ်ပုံကြေးပေးသွင်းတင်ပြရန်လိုအပ်ပြီး တင်ပြရမည့်ရက်ကျော်လွန်ပြီး ၂၈ ရက်အတွင်းဖြစ်ပါက နောက်ကျကြေး (later fee) ပေးသွင်းရကြောင်းလည်း သိရသည်။ တင်ပြရမည့်ရက်ထက် ၂၈ ရက်ကျော်လွန်ပြီးပါက ဆိုင်းငံ့ (Suspended) ဖြစ်သွားသဖြင့် ဆိုင်းငံ့စာရင်းမှ ပယ်ဖျက်ပေးရန် ပုံစံ 1-9D ဖြင့် တင်ပြရသည့်အတွက် မှတ်ပုံတင်ကြေး ထပ်မံပေးသွင်းရကြောင်း သိရသည်။

ဆိုင်းငံ့ Suspended ဖြစ်ပြီးခြောက်လအထိ AR တင်ပြခြင်းမရှိပါက ကုမ္ပဏီအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ကြောင်းနှင့် ပယ်ဖျက်ပြီး ကုမ္ပဏီအမည်အား ပြန်လည်အသက်သွင်းလိုပါက ကုမ္ပဏီမှ တရားရုံးကင်းလွတ်ခွင့်အမိန့်ဖြင့် ပြန်လည်တင်ပြရကြောင်းသိရသည်။ Struck Off ဖော်ပြခြင်းခံရသော ကုမ္ပဏီဖြစ်ပါက တရားရုံးကင်းလွတ်ခွင့်ရရှိရန် လျှောက်ထားရသည့်ကုန်ကျစရိတ်နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ လိုက်နာရန် ပျက်ကွက်ထားကြောင်း ကုမ္ပဏီ၏ ပုံရိပ်ကျန်ရှိနေမည်ဖြစ်သောကြောင့် နှစ်စဉ်အစီရင်ခံစာ (Annual Return) တင်ပြခြင်းကို အထူးဂရုပြုဆောင်ရွက်ကြရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့်စာရင်းအရ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဇူလိုင်လမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက်အထိ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၄၃၀ (စ)အရ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရသည့် ကုမ္ပဏီပေါင်း ၂၅၀၀ အထိရှိခဲ့ကြောင်းလည်း သိရသည်။

**Source: Popular News Journal**

## ကန်ဒေါ်လာပြတ်လပ်မှုကြောင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေး ထိခိုက်

လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံခြားငွေပြတ်လပ်မှုက အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နဲ့မြန်မာကြား နယ်စပ်ကုန်သွယ်ရေးကို ဆိုးရွားစွာဟန့်တားနေကြောင်း တရားဝင်စာရွက်စာတမ်းများအရ သိရှိရပါတယ်။

၎င်းက ဟွန်ဒီလို တရားမဝင် ငွေကြေးလွှဲပြောင်းမှုတွေကို တိုးမြင့်လာစေဖို့ ဦးတည်စေတယ်လို့ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးက ပြင်ဆင်ထားတဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးမှာ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေရဲ့နမူနာအဖြစ် မြန်မာနိုင်ငံကနေ ငါးမြစ်ခြင်း (Rui) တင်သွင်းမှုကျဆင်းလာခြင်းကို သံရုံးဘက်က ကိုးကားဖော်ပြထားပါတယ်။ သံရုံးရဲ့ အစီရင်ခံစာအရ ယခုနှစ် ဇန်နဝါရီလမှာ မြန်မာနိုင်ငံမှ ငါးမြစ်ချင်းတန်ချိန် ၁၀၀၀ ကျော်တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၂.၅ သန်း ရရှိခဲ့ပေမယ့် မတ်လမှာတော့ တန်ချိန် ၂၀၀ ခန့်အထိ ကျဆင်းသွားခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်မစ်ရှင်ရဲ့ အဆိုအရ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် ငွေလွှဲပြောင်းမှုတွေ ဆောင်ရွက်သူ အစိုးရပိုင် ဆိုနာလီဘဏ်နဲ့ အတ်ဂ်ရာနီဘဏ်တွေက ကန်ဒေါ်လာထုတ်ပေးခြင်းကို ယာယီရပ်ဆိုင်းထားပါတယ်။

အစီရင်ခံစာတွေက ၎င်းကိစ္စရပ်တွေကို ဖြေရှင်းဖို့ ဘင်္ဂလားဒေ့ရှ်ဆိပ်ကမ်း Teknaf ကို အဆင့်မြှင့်ခြင်း၊ ကုန်သွယ်မှု လွယ်ကူစေဖို့ နှစ်နိုင်ငံစလုံးက ဘဏ်တွေအကြား သဘောတူညီချက်တွေ စီစဉ်ပေးခြင်းအပါအဝင် အကြံပြုချက်တွေ ပေးအပ်ထားပါတယ်။

ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာကြား ကုန်သွယ်မှုအတွင်း မြန်မာကနေ ငါး၊ ငါးခြောက်၊ ငရုတ်သီး၊ ဂျင်း၊ ကြက်သွန်၊ ကျွန်းသစ်၊ အထပ်သား၊ ဇီးချဉ်၊ အုန်းသီးတို့ကို အဓိကတင်ပို့နေပြီး ဘင်္ဂလားဒေ့ရှ်ကနေ အာလူး၊ ဘိလပ်မြေ၊ အဝတ်အထည်၊ အချိုရည်၊ ဘီစကွတ်စတဲ့ စားသောက်ကုန်တွေ တင်သွင်းလျက်ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ (၉၀.၉၁) သန်း ရှိခဲ့ပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ (၂၅.၁၁) သန်း ရရှိခဲ့ပါတယ်။

**Source: BETV Business**

## မြန်မာ့သရက်သီးကို တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်အောင် ဆောင်ရွက်နေ




မြန်မာ့သရက်သီးကို ပြည်ပတင်ပို့ရာတွင် တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်အောင် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်ရောင်းချသူများ အသင်းမှသိရသည်။

ထို့ပြင် မြန်မာ့သရက်သီး ဈေးကွက်ကောင်းမွန်ပြီး ဈေးကောင်းရရှိစေရေးအတွက်ပါ လုပ်ဆောင်နေကြောင်း၊ လက်ရှိတွင် မြန်မာ့သရက်သီး တင်ပို့မှုနှင့်ပတ်သက်ပြီး ထုတ်လုပ်မှုနည်းပညာအကူအညီများကိုလည်း နိုင်ငံတကာမှ ပံ့ပိုးပေးနေကြောင်း သိရသည်။ “ခုဆိုရင် သရက်သီးကို သရက်သီးခြောက်၊ သရက်ဖျော်ရည်စတဲ့ ထုတ်ကုန်တွေ ထုတ်နေတာ ရှိတယ်။ အဲဒီနည်းပညာတွေ ပြန့်ပွားအောင်အတွက်လည်း အများကြီးလုပ်နေတယ် နောက်တစ်ခုက သရက်သီးတွေခူးပြီးတော့မှ ပျက်စီးမှုတွေနည်းအောင်လည်း ဒီအသီးတွေကို အဆင့်မြှင့်တဲ့ ဟာမျိုးတွေ လုပ်တာလည်းရှိတယ်။ ဈေးကွက်မရှိရင် တောင်သူတွေ ဘယ်လိုမှမရပ်တည်နိုင်ဘူး” မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းရဲ့ ဥက္ကဋ္ဌဖြစ်သူ ဦးစိုးသန်းမင်းဒင်ကပြောပါတယ်။

လက်ရှိတွင် သရက်ခြံပိုင်ရှင်များသည် ပြည်ပပို့ကုန်ပယ်ခံရသည့် မြန်မာသရက်သီးများကို သရက်ပြင်၊ သရက်ခြောက်၊ သရက်ချဉ်၊ အေးခဲသရက်သီးအနှစ်၊ သရက်သီးသနပ်စသဖြင့် စားသောက်ကုန်ပစ္စည်းများအဖြစ် တနိုင်တပိုင် ထုတ်လုပ်မှုရှိနေကြောင်းသိရသည်။ "သရက်ပြင်လုပ်ရောင်းတယ်။ တစ်ပိဿာကို ၈၀၀၀ ရှိတယ်။ မြကျောက်သရက်ပြင်အစစ်ပေါ့။ သရက်သီးက အရမ်းအမှည့်လွန်ရင် ပို့လို့မရရောင်းဖို့မလွယ်တော့ ကြိုပြီးသရက်ပြင်လုပ်ရောင်းရတာပေါ့။ သရက်ပြင်ကတော့ ကြိုက်သလောက်ထားလို့ရတယ်၊ အရသာလည်းလျော့မသွားဘူး။ တပိုင်တနိုင်လုပ်ရတာပေါ့။ တခြားသရက်သီးကနေ လုပ်လို့ရမယ့် အရာမျိုးတွေရှိရင်လည်း တဖြေးဖြေးလုပ်ယူရမှာပါ"လို့ ပဲခူးတိုင်း၊ ပြည်မြို့ သရက်ခြံပိုင်ရှင်ဖြစ်သူ တစ်ဦးကပြောပါတယ်။

ယခုအချိန်သည် သရက်သီးရာသီချိန် ကုန်ဆုံးတော့မည်ဖြစ်သော်လည်း တရုတ်နိုင်ငံနှင့်စင်္ကာပူနိုင်ငံကိုတော့ မြန်မာ့သရက်သီးများတင်ပို့မှုရှိနေကြောင်း၊ မြန်မာ့သရက်သီး ၇၀ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံကို အဓိကတင်ပို့နေရခြင်းဖြစ်ကြောင်း သိရသည်။

စင်္ကာပူနိုင်ငံကိုတော့ ယခုလထဲတွင် မြန်မာ စိန်တစ်လုံးသရက်သီး တန်ချိန် ၁၀၀ ဝန်းကျင် ပင်လယ်ရေကြောင်းကတဆင့် တင်ပို့သွားရန်ရှိကြောင်းသိရသည်။ မြန်မာ့သရက်သီးသည် ပဲခူးတိုင်း ၊ မကွေး၊ စစ်ကိုင်း၊ မန္တလေး၊ ရှမ်းပြည်နယ်တို့မှ အဓိက စိုက်ပျိုးထွက်ရှိကြောင်းသိရသည်။

**Source: AMIA**

**Myanma awba**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၀ ရက်မှ ၁၆ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ ALUMINIUM INGOT ၊ မြေထောက်ပဲ၊ ထောပတ်ပဲနှင့် ဆန်များ တင်ပို့ခဲ့ပြီး ပို့ကုန်၏ စုစုပေါင်းငွေပမာဏမှာ ၁၇၈၁၅၅၉.၆၅၀ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃ ရက်မှ ၉ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၅၀၀၀၀၃၃.၁၂၀ ကန်ဒေါ်လာနှင့် ကာလတူ တင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၃၂၁၈၄၇၃.၄၇၀ ကန်ဒေါ်လာ တန်ဖိုးလျော့နည်း၍ တင်ပို့မှုရှိခဲ့သည်ကိုတွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၀ ရက်မှ ၁၆ ရက်နေ့ အတွင်း ချည်ထည်များ၊ လယ်ထွန်စက်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်း များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဘတ္တရီအခြောက်များ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ စက်နှင့်စက်ပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ သံနှင့်သံမဏိပစ္စည်းများ၊ သံပိုက်နှင့်မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏတန်ဖိုးမှာ ၉၇၂၁၉၀.၄၇၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃ ရက်မှ ၉ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၉၈၈၉၃၀.၉၉ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏ နှိုင်းယှဉ်ပါ က ၁၆၇၄၀.၅၂ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအား နှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၈၀၉၃၆၉.၁၈ ကန်ဒေါ်လာ ပိုမိုပြီးကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရတွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၄၂ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၂.၃၉ ကျပ်ရှိကြောင်းသိရှိရပါသည်။

Source: မနေ့သမြေကုန်သွယ်မှုဗဟိုဌာန

# STOCK EXCHANGE (20.6.2023)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 20th Jun. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,550 (Shares) | 6,320,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 33,109,694 | 261,567 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 1,266 | 3,671,400 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | -100 | -1.37% | 7,200 | 7,200 | 7,200 | 10 | 72,000 | 10,400,986 | 74,887 |
| FPB | 00004 | 1,450 | -50 | -3.33% | 1,500 | 1,500 | 1,450 | 1,052 | 1,528,000 | 29,664,613 | 43,014 |
| TMH | 00005 | 2,450 | -50 | -2.00% | 2,500 | 2,500 | 2,450 | 6 | 14,950 | 12,823,224 | 31,417 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 1 | 2,450 | 19,977,223 | 48,944 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 215 | 1,032,000 | 10,497,598 | 50,389 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 20th Jun. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 353.62 | -1.80 | -0.51% | 355.42 | 355.42 | 353.62 | 2,550 | 6,320,800 | 7 | 623,113 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 20th Jun. 2023

| Trading Volume | Trading Value |
|---|---|
| 2,550 (Shares) | 6,320,800 (MMK) |

## Main Board

As of 1:00 pm, 20th Jun. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,550 (Shares) | 6,320,800 (MMK) |

| MYANPIX | 353.62 ▼ 1.80 |
|---|---|
| Total Volume (shares) | 2,550 |
| Total Value (MMK) | 6 mil |
| Listed Company | 7 |
| Market Cap. (MMK) | 623,113 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,900 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,200 | ▼ 100 |
| FPB | 00004 | 1,450 | ▼ 50 |
| TMH | 00005 | 2,450 | ▼ 50 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |